# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 6 , 2023 Volume 62, Number 4

| ၆.၁.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၇၃၇၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၉၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၀၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၈၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

### ဈေးဝတီတိုင်းဒေသကြီးအတွင်း ဈေးငြိမ်နေတဲ့မတ်ပဲ

ဈေးဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးနှုန်းများကတော့ မတ်ပဲသစ်စပေါ်ချိန်မှာ တစ်တင်းဈေးနှုန်း ကျပ် ၆၀၀၀၀ ရရှိခဲ့ပေမယ့် နောက်ရက်တွေမှာ ဈေးကျဆင်းလာကြောင်း တွေ့ရပါတယ်။

တစ်ပတ်အတွင်း မတ်ပဲဈေးနှုန်းများကတော့ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ တစ်တင်းလျှင် ကျပ် ၅၅၅၀၀၊ ၂၉ ရက်နေ့မှာ ကျပ် ၅၅၄၀၀၊ ၃၀ ရက်နေ့မှာ ကျပ် ၅၄၈၀၀၊ ၃၁ ရက်နေ့မှာ ကျပ် ၅၄၈၀၀၊ ဇန်နဝါရီလ ၂ ရက်နေ့မှာ ကျပ် ၅၅၅၀၀၊ ၃ ရက်နေ့မှာ ကျပ် ၅၄၈၀၀၊ ၄ ရက်နေ့မှာ ကျပ် ၅၄၅၀၀၊ ၅ ရက်နေ့မှာ ကျပ် ၅၄၂၀၀ အသီးသီးဖြစ်ပါတယ်။

အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာတော့ ပဲတင်သွင်းမယ့် importer တွေကို တင်ဒါခေါ်ယူတဲ့ပွဲကို ဒီဇင်ဘာလ တတိယပတ်မှာစီစဉ်ထားပြီးမှ ရက်ရွှေ့ဆိုင်းလိုက်တာကြောင့် မြန်မာမတ်ပဲဈေးနှုန်း အေးသွားတာဖြစ်ကြောင်း မတ်ပဲရောင်းဝယ်သူ လုပ်ငန်းရှင်တစ်ဦးကပြောပါတယ်။

ဒါ့အပြင် မြန်မာမတ်ပဲနဲ့ပဲစင်းငုံတင်သွင်းခွင့်ကာလကိုလည်း ၂၀၂၄ ခုနှစ်မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်ပေးလိုက်တာကြောင့် မြန်မာမတ်ပဲကုန်သည်တွေက အချိန်ပိုမိုရရှိသွားပြီး မတ်ပဲကို အနိမ့်ဈေးနဲ့ ရောင်းလိုကြမှာမဟုတ်ကြောင်း Agri World Mumbai ကဖော်ပြထားပါတယ်။

လက်ရှိဈေးနှုန်းနဲ့ လက်ရှိအခြေအနေမှာ နေ့စဉ်အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်းသိရှိရပြီး၊ ဝယ်လက်နိုင်ငံရဲ့ ပဲလိုအပ်ချက်အရ ရေရှည်မှာ မတ်ပဲဈေးပြန်ကောင်းလာနိုင်ပေမယ့် အလွန်အမင်း ဈေးကောင်းရရှိတာမျိုးတော့ ဖြစ်လာနိုင်မှာမဟုတ်ကြောင်း သုံးသပ်ရရှိပါတယ်။

**Source: ဈေးကုန်သွယ်မှုဇဟိုဌာန**

### ဆီးသီးဈေးကောင်းရရှိ၍ တောင်သူများအဆင်ပြေနေ

မကွေးတိုင်းဒေသကြီးသည် မိုးနည်းရပ်ဝန်းဖြစ်၍ ဆီးပင်များအများအပြားပေါက်ရောက်ရာ ဒေသလည်းဖြစ်ပါတယ်။ ကေနှင့်ချီ၍စိုက်ပျိုးခြင်းမရှိသော်လည်း အချို့မှာအလေ့ကျပေါက်ရောက်ခြင်း၊ အချို့မှာယာခင်းစပ်၊ ခြံဝန်းစပ်များတွင် စိုက်ပျိုးထားခြင်းများအား အပင်အရေအတွက်လိုက်၍ ကေစုဖွဲ့ထားခြင်းပင်ဖြစ်ပါသည်။ မကွေးမြို့အနီးတဝိုက်ရှိ ကျေးရွာများဖြစ်သော ဖိုလေးလုံး၊ ဖိုကြီး၊ စူးကောက်စမ်း၊ ကုက္ကိုခွ၊ သစ်ရာကောက်စတဲ့ကျေးရွာများမှ ဆီးသီးများကို ဆီးသီးအဝယ်ဒိုင်များရှိရာနေရာများသို့ နီးစပ်ရာရောင်းချကြပါတယ်။ ဈေးနှုန်းကောင်းလျှင် ကောင်းသလို ပြည်၊ အောင်လံဘက်မှလည်း လာရောက်ရောင်းချကြတယ်လို့ သိရှိရပါတယ်။ ဆီးသီးသည်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဇန်နဝါရီလမှစ၍ ရင့်မှည့်လာရာ ဧပြီလအထိထွက်ပေါ်တာလည်းဖြစ်ပါတယ်။ ဖေဖော်ဝါရီလလယ်လောက်မှာ လှိုင်လှိုင်ပေါ်ထွက်လာပြီဖြစ်ပါတယ်။

ဆီးသီးဈေးနှုန်းအနေဖြင့် ယခုပေါ်စအချိန်တွင် ဆီးသီးအစို(၁)တင်း(၇၀၀၀)ကျပ်မှ(၈၀၀၀) ကျပ်အထိဈေးရရှိနေပြီး ဆီးသီးအခြောက်(၁)တင်းလျှင် (၉၀၀၀)ကျပ်မှ(၁၀၀၀၀)ကျပ်အထိ ဈေးရရှိနေကာ ဆီးသီးကိုကြိတ်ခွဲ၍ရရှိလာသော ဆီးဆံဈေးမှာ (၁)ပိသာလျှင် (၄၂၀၀၀)ကျပ်ဈေးအထိ ရရှိနေတာလည်းဖြစ်ပါတယ်။ ယခင်နှစ်ရရှိသည့်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးကောင်းရရှိနေတဲ့အတွက် တောင်သူများအဆင်ပြေပြေနှင့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါသည်။

ဆီးသီးဒိုင်သို့ ယခုပေါ်စအချိန်တွင် တစ်နေ့လျှင် တင်း(၂၀)မှ(၃၀)ကြား ဝင်ရောက်အရောင်းအဝယ်ဖြစ်နေပြီး လှိုင်လှိုင်ပေါ်ပါက တစ်နေ့လျှင်တင်း(၄၀၀)မှ(၅၀၀)ကြားအထိ အလုံးအရင်းနှင့်ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတာပဲဖြစ်ပါတယ်။ တောင်သူတွေအနေဖြင့် အနည်းငယ်သာရောင်းချကြပေမယ့် ကုန်သည်များအနေဖြင့် တင်းအရေအတွက်များစွာစုစည်းပြီး လာရောက်ရောင်းချကြပြီး ဆီးသီးအစိုနှင့်အခြောက်တို့ကို ဒေသတွင်း ဆီးယိုလုပ်ငန်းရှင်များမှအဝယ်ရှိပြီး ဆီးဆန်ကိုတော့ လျှောင်လက်များနှင့် ရန်ကုန်၊ မန္တလေးတို့သို့တင်ပို့ကာ ရောင်းချကြတယ်လို့ ဆီးသီးအဝယ်ဒိုင်ပြောကြားချက်အရ သိရှိရပါသည်။

တရုတ်ဝယ်လက်ရှိပါက ဆီးဆန်ဈေး(၁)ပိသာလျှင် (၉၀၀၀၀)ကျပ်မှ (၁၀၀၀၀၀)ကျပ်အထိ ဈေးရရှိပြီး ဆီးဆန်ကိုဆေးဖော်စပ်ရာတွင်လည်းကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုကြတယ်လို့ သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဇုန်ဌာန**

## ပဲ၊ ပြောင်း၊ နှမ်းများကို ဒေါ်လာဖြင့်ရောင်းချရမည့် တင်ပို့မှုဆိုင်ရာ မူဝါဒသက်မှတ်ချက်များကြောင့် ပဲသစ်ရာသီပို့ကုန်ပဲများ ဈေးကျဆင်းနေ

ပို့ကုန်ပဲအုပ်စုများအပါအဝင် ပဲ၊ ပြောင်း၊ နှမ်းများကို ဒေါ်လာဖြင့်ရောင်းချရမည့် တင်ပို့မှုဆိုင်ရာမူဝါဒ သက်မှတ်ချက်များကြောင့် ပဲသစ်ရာသီပို့ကုန်ပဲများ ဈေးကျဆင်းနေပြီး တရုတ်နိုင်ငံတင်ပို့မှုထက် အိန္ဒိယနိုင်ငံသို့ အဓိကထားရောင်းချသွားရမည်ဖြစ်ကြောင်း ပဲကုန်သည်များသုံးသပ်ထားကြောင်း သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းအပါအဝင် ပို့ကုန်ပဲများအတွက် ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲရှိလာမှ ပြည်တွင်းဈေးကွက် ပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း၊ လက်ရှိမှာ ပို့ကုန်ပဲဈေးကွက်မှာ ဒေါ်လာဖြင့်သာရောင်းချရမည့် မူဝါဒကြောင့် တရုတ်နိုင်ငံတင်ပို့ရာမှာ အခက်အခဲဖြစ်နေကြောင်း ၊ ပဲသစ်ပေါ်လာချိန်မှာ ပို့ကုန်ပဲတွေ အိန္ဒိယနိုင်ငံကို အဓိကထား ရောင်းချသွားရမည်ဖြစ်ကြောင်း၊ လက်ရှိမှာ တရုတ်နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်မည့်အခြေအနေကြောင့် တရုတ်လိုင်းတင်ပို့နေသည့် ပဲတီစိမ်း ၊ နှမ်းနှင့်မြေပဲဆန်များ အရောင်းအဝယ်သွက်လာကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ကပြောသည်။ "လက်ရှိမှာ မန္တလေးပဲဈေးကွက်မှာတော့ ပွက်ကာသီကာအခြေအနေနဲ့ ရောင်းဝယ်နေကြတာမျိုးပါ။ ပို့ကုန်ပဲတွေက ဝယ်ဈေးနဲ့ရောင်းဈေး ကပ်ရောင်းကပ်ဝယ်နေတာမျိုးပါ။ အသစ်ပေါ်နေတာကတော့ မက်ပဲ၊ ပဲစင်းငုံနဲ့ ဈေးကောင်းနေတာကတော့ မြေထောက်ပဲပါ။ အဝင်လည်းနည်းပါသေးတယ်။ မနှစ်ကတော့ ၁သိန်းကျော်လောက်ဈေးဖြစ်ပေမယ့် ဒီနှစ်မှာ မြေထောက်ပဲကတော့ ဈေးကောင်းနေပါတယ်။ မြေပဲလုံးဆန်ကလည်း တစ်ပိသာကျပ် ၆၇၀၀ လောက်ပဲရှိပါတယ်။ တရုတ်နယ်စပ်တင်ပို့မှုမှာ ဇန်နဝါရီ ၈ ရက်ကျော်ရင် ဂိတ်တွေဖွင့်မှာမို့ ဈေးလှုပ်လာပါတယ်။ ပဲဈေးကွက် တက်လာမျိုးတော့မဟုတ်ပါဘူး။ ဒီနှစ်က အိန္ဒိယလိုင်းက ပိုဈေးကောင်းမယ်လို့မြင်ပါတယ်။ လက်ရှိမှာ ပဲ၊ ပြောင်း၊ နှမ်းအကုန်လုံးက ပို့ကုန်သွင်းကုန်လိုင်စင်နဲ့တင်ပို့နေရတော့ လက်ရှိပဲသစ်ရာသီအတွက် ဈေးကျဆင်းမှုတွေဖြစ်လာနိုင်ပါတယ်။ အဓိက ကုန်စည်စီးဆင်းမှု မကောင်းရင် ဈေးကျတာဖြစ်တတ်ပါတယ်။ ဒီတော့ ပို့ကုန်ပဲတွေအတွက် အိန္ဒိယလမ်းကြောင်းက ပိုကောင်းလာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ပဲ၊ ပြောင်း၊ နှမ်းများကို နယ်စပ်နှင့်ပုံမှန်ကုန်သွယ်မှုပြုလုပ်ရာတွင် ဒေါ်လာဖြင့်သာ အရောင်းအဝယ်ပြုလုပ်ရန်နှင့် ဒေသအတွင်းသယ်ယူပို့ဆောင်ရာမှာ ပို့ကုန်လိုင်စင်ဖြင့်သာ သယ်ယူပို့ဆောင်နိုင်တာကြောင့်လည်း သိုလှောင်ဝယ်လက်များအနေဖြင့် ဝယ်ယူမှုနည်းနေသေးကြောင်း နှင့်ပဲသစ်များအပေါ်ဈေးလျော့ဝယ်ယူနေကြောင်း ပဲကုန်သည်များ ထံကသိရသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးအကောင်းကြီးမဟုတ်သေးဘဲ ဈေးအနည်းငယ်ကျဆင်းသွားပြီး နယ်မြို့ပဲကုန်သည်များ အရောင်းအဝယ် ခပ်သွက်သွက်ဖြစ်နေကြောင်း ဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်ဆုံး ပဲဈေးကွက်ဖြစ်နေရာ ဇန်နဝါရီ ၃ ရက်နေ့တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၆၃၀၀၀၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၁၆၄၀၀၀၊ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိသည်။ အသစ်ဝင်ပို့ကုန်ပဲများ လက်ပြောင်းလက်လွှဲ အရောင်းအဝယ်ခပ်သွက်သွက်ရှိနေသော်လည်း ဒေါ်လာဈေးအပြောင်းအလဲကို စောင့်ကြည့်ထိန်းညှိဝယ်ယူနေခြင်းဖြစ်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့မှု သက်တမ်းတိုးမြင့်ထားတာကြောင့်လည်း အဝယ်အေးနေခြင်းဖြစ်သည်။

**နှမ်း၊ မြေပဲ**

နှမ်းဈေးကွက်မှာ အသစ်ကုန်သလောက်ရှိပြီး နှမ်းမျိုးစုံ တရုတ်နိုင်ငံသို့တင်ပို့မှုဆိုင်ရာ အခက်အခဲများရှိတာကြောင့် အသစ်ဝင်နှမ်းများ ဈေးကျဆင်းနေခြင်းဖြစ်သည်။ အလားတူ မြေပဲလုံးဆန်များလည်း ဈေးကျဆင်းနေရာမှ မကြာမီ တရုတ်နယ်စပ်ဂိတ်များ အလုံးစုံပြန်ဖွင့်မည့် အခြေအနေများကြောင့် ဈေးအနည်းငယ်ပြန်တက်လာရာ ဇန်နဝါရီ ၃ ရက် နေ့တွင်နှမ်းနက် ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းဖြူ (သစ်)ငွေကျပ် ၂၆၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၆၃၀၀၊ ဆီဆန်တစ်ပိဿာ ငွေ ကျပ် ၅၀၀၀ သို့ အသီးသီးဈေးမြင့်တက်လာသည်။

ပြည်တွင်းစားသုံးမှု မြင့်မားနေသည့် ကုလားပဲအုပ်စုမှာ အသစ်ဝင်ရောက်မှုမရှိသေးတာကြောင့် ဆက်လက် မြင့်တက်လျက်ရှိရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ထိဈေးမြင့်တက်လာပြီး အသစ်ပဲမာလိုင်း များမှာ ပဲယင်းကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ပဲကြီး(သစ်)တစ်အိတ်လျှင် ငွေ ကျပ် ၂၅၅၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀၊ စွန်တာပြာနှင့်ပဲဇီးကွက် တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀၊ မြေထောက်ပဲ တစ်အိတ် လျှင် ငွေကျပ် ၂၄၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးဖြင့် ယခင်နှစ်ထက် အမြင့်ဈေးဖြင့် ဝင်ရောက်လာကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ကြက်သွန်နီဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီကို ဒေသအများအပြားတွင် စိုက်ပျိုးထွက်ရှိကြတာကို တွေ့ရပါတယ်။ အဓိက စိုက်ပျိုးထွက်ရှိသော ပခုက္ကူ၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ တောင်တွင်းကြီးနှင့် ဧရာဝတီမြစ်အနောက်ဖက်ခြမ်း မင်းဘူးတို့တွင် နေရာအနှံ့စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါတယ်။ ကြက်သွန်နီဟာ အိမ်ရှင်မများအတွက် မရှိမဖြစ် စားဖိုဆောင်သုံး သီးနှံလည်း ဖြစ်ပါတယ်။ ယခုအချိန် အလှူအတန်းပေါ်များချိန်တွင် ကြက်သွန်နီကို အများဆုံးအသုံးပြုကာ ရိုးရာဟင်းပွဲအဖြစ် ကျွေးမွေး ညှော့ခံကြတာလည်းတွေ့ရပါတယ်။

မကွေးတိုင်းဒေသကြီးမှထွက်ရှိသော ကြက်သွန်နီသည် အရည်အသွေးကောင်းမွန်တဲ့အတွက် နာမည်တစ်ခုရပြီးလည်း ဖြစ်ပါတယ်။ ယခုကြက်သွန်နီ(မိုးသစ်)များ လှိုင်လှိုင်ပေါ်ထွက်နေပြီး ပေါ်စအချိန်တွင် ကြက်သွန်နီဈေးကောင်းသော်လည်း ယခုနောက်ပိုင်းတွင် ဈေးကွက်ထဲသို့ အများအပြား ဝင်ရောက်လာတဲ့အတွက် ဈေးအနည်းငယ်ကျဆင်းလာတာကို တွေ့ရ ပါတယ်။ ဈေးကွက်ထဲသို့ နေရာစုံမှကြက်သွန်များဝင်ရောက်၍ အရောင်းအဝယ်ဖြစ်နေကာ ကြက်သွန်ပွဲရုံများ၊ ကြက်သွန်ဒိုင် များမှတဆင့် ဒေသတွင်း၊ ရန်ကုန်ဘုရင့်နောင်နှင့်မန္တလေးတို့သို့ တင်ပို့ရောင်းချရပြီး ရခိုင်ပြည်နယ်ဘက်ကိုပါ တင်ပို့ရောင်းချ ရတယ်လို့သိရပါတယ်။ ကြက်သွန်နီ(နွေ)ဟောင်းများကတော့ ဈေးကွက်ထဲမှာမရှိတော့ဘဲ (မိုး)အသစ်များသာ နေရာယူ ဝင်ရောက်နေတာပဲဖြစ်ပါတယ်။

ကြက်သွန်နီဈေးအနေဖြင့် ကြက်သွန်နီ(မိုး)သစ်(၁)ပိဿာလျှင် အမြင့်ဆုံးကျပ်(၂၀၀၀)ကျော်ဖြင့် အရောင်းအဝယ်ဖြစ်နေ ပြီး ဆိပ်ဖြူနှင့်ပခုက္ကူဈေးကွက်ထဲသို့ နေ့စဉ်အဝင်ကတော့ တစ်နေ့လျှင်ပိဿာ ချိန်(၅၂၀၀၀)မှ (၆၀၀၀၀)အထိ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတဲ့အတွက် ဈေးကွက်ထဲဝင်သလောက် အရောင်းအဝယ်သွက်နေတယ်လို့ ကုန်သည်များပြောကြား ချက်အရ သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဈေးကောင်းရရှိနေသော ထန်းလျက်


https://www.foodindustrydirectory.com.mm

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများအနက် လယ်ယာထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ထန်းလျက်မှာ ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် အမြဲတမ်းဝယ်လိုအားရှိသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလထိ) ထန်းလျက်တန်ချိန် ၁၃၉ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(ဧပြီလမှ ဒီဇင်ဘာလထိ) ထန်းလျက် တန်ချိန် ၃၆ တန် တင်ပို့နိုင်ခဲ့သဖြင့် ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၀၃ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၁၄ကျပ်၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၂ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၉ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

**Source: The Mirror**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5572-a-good-price-in-bangladesh.html

## မြစ်သားကြက်သွန်နီများ ပြည်ပကပါ ဝယ်နေ




မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်ကထွက်ရှိတဲ့ မြစ်သားကြက်သွန်နီတွေကို ပြည်ပကပါ ဝယ်ယူမှုတွေရှိနေတယ်လို့ မန္တလေးကြက်သွန်ပွဲရုံတွေဆီကနေ သိရပါတယ်။

မြစ်သားကြက်သွန်တွေကို ကုန်သည်အတော်များများက အဝယ်လိုက်နေပြီး ဈေးကောင်းလည်းရနေတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာနောက်ဆုံးပတ်က မြစ်သားကြက်သွန်တစ်ပိဿာ ကျပ် ၂၃၀၀ ဈေးရှိခဲ့ပြီး အခုလက်ရှိမှာတော့ တစ်ပိဿာကို ကျပ် ၂၆၅၀ အထိ ဈေးရနေတယ်လို့ သိရပါတယ်။ မန္တလေးဈေးကွက်ထဲမှာ မြင်းခြံဘက်ကဝင်လာတဲ့ ကြက်သွန်နီတွေလည်းရှိပေမယ့် မြစ်သား ကြက်သွန်နီကိုပဲ အဝယ်လိုက်နေတာဖြစ်တယ်လို့သိရပါတယ်။

ဤဆောင်းပါးအား One News Myanmar မှကူးယူဖော်ပြပါသည်။

https://t.me/htwettoe

## ဒီဇင်ဘာလနောက်ဆုံးအပတ်တွင် စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့နိုင်မှုအခြေအနေ


https://www.commerce.gov.mm

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတဆင့် စဉ်ဆက်မပြတ်တင်ပို့လျက်ရှိသည်။

အဆိုပါကုန်ပစ္စည်းများကို မြန်မာနိုင်ငံဘက်ရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့သို့ တင်ပို့လျက်ရှိရာ ဒီဇင်ဘာလ နောက်ဆုံးအပတ်တွင် မန်ကျီးစေ့၊ ဆီးဖတ်၊ အုန်းသီးခြောက်၊ ချင်း(အစို)နှင့် စစ်တုံ့ဥတို့အပြင် ငါးမှတ်ဖြူ၊ ငါးမှတ်မဲ၊ ငါးနီတူခြောက်တို့ကို အမေရိကန်ဒေါ်လာသန်းပေါင်း (၀.၂၃၀၇) ဒေါ်လာသန်း တင်ပို့ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အဆိုပါကုန်ပစ္စည်းများတင်ပို့ခဲ့သည့် တန်ဖိုးမှာယခင်အပတ်နှင့်နှိုင်းယှဉ်ပါက (၀.၀၁၂၃)ဒေါ်လာသန်း ပိုမိုတင်ပို့ခဲ့သည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-

## ဇန်နဝါရီ ၈ ရက်မှစတင်ကာ ဟောင်ကောင်က တရုတ်နှင့်နယ်စပ်ကို ပြန်ဖွင့်သွားမည်ဖြစ်ပြီး တစ်ရက်လျှင် လူခြောက်သောင်းအထိ ဝင်ထွက်သွားလာနိုင်မည်

နယ်နိမိတ်များကို သုံးနှစ်နီးပါးကြာ ပိတ်ထားခဲ့သည့် ကပ်ရောဂါထိန်းချုပ်ရေးစည်းမျဉ်းများကို ကြီးကြီးမားမား ဖြေလျှော့မှု အဖြစ် ဇန်နဝါရီ ၈ ရက်မှစတင်ကာ ဟောင်ကောင်နှင့်တရုတ်ပြည်မကြီးအကြား နေ့စဉ်လူသောင်းနှင့်ချီကာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း အာဏာပိုင်များက ကြေညာခဲ့သည်။

တရုတ်နှင့်ဟောင်ကောင်တို့သည် ခရီးသွားလာမှုများအပေါ် ပိတ်ပင်ကန့်သတ်ခြင်းနှင့် မဖြစ်မနေ ကွာရန်တင်းဝင်ရသည့် စည်းမျဉ်းများကိုချမှတ်သည့် ကိုဗစ်ကင်းစင်းရေးမူဝါဒကို တစ်စိုက်မတ်မတ် ကျင့်သုံးလျက်ရှိခြင်းကြောင့် ခရီးသွား ဝင်ရောက်မှု အနည်းအကျဉ်းသာရှိခဲ့သည်။

ထိုအစီအမံများကြောင့် မိသားစုများခွဲခွာရခြင်း၊ ခရီးသွားလုပ်ငန်းထိခိုက်ကျဆင်းခြင်းတို့ဖြစ်ပေါ်ခဲ့ကာ ဟောင်ကောင် သည်လည်း အဆိုပါဂယက်ကို ပြင်းပြင်းထန်ထန်ခံစားခဲ့ရပြီး ၂၀၂၂ ခုနှစ်ကိုလည်း စီးပွားရေး နက်နက်ရှိုင်းရှိုင်း ကျဆင်းမှုဖြင့် အဆုံးသတ်ခဲ့ရသည်။

၂၀၂၀ ခုနှစ် အစောပိုင်းတွင် နယ်စပ်ဒေသဆိုင်ရာစည်းမျဉ်းများကို ချမှတ်ခဲ့ပြီးနောက်ပိုင်း အကြီးမားဆုံး ပြင်ဆင် ပြောင်းလဲမှုများကို တာဝန်ရှိသူများက ဇန်နဝါရီ ၅ ရက်တွင် ကြေညာခဲ့သည်။

ဇန်နဝါရီ ၈ ရက်မှစတင်ကာ ကုန်းတွင်းနယ်စပ်ဂိတ်သုံးခုမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်သွားလာနိုင်ရန်အတွက် ဟောင်ကောင်ဒေသခံ ငါးသောင်းအထိ အွန်လိုင်းမှစာရင်းသွင်းနိုင်ပြီဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးဂျွန်လီက ပြောကြား ခဲ့သည်။

နောက်ထပ် လူတစ်သောင်းခန့်သည်လည်း ကြိုတင်စာရင်းသွင်းရန်မလိုဘဲ ရေကြောင်း၊ လေကြောင်း သို့မဟုတ် နယ်စပ်ဖြတ်ကျော် တံတားများမှတစ်ဆင့် တရုတ်ပြည်မကြီးသို့ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

အပြန်အလှန်အနေဖြင့်တရုတ်ပြည်မကြီးဆီမှ ဟောင်ကောင်သို့လည်း အလားတူအရေအတွက်အတိုင်း ဖြတ်သန်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကာ မဖြစ်မနေကွာရန်တင်းဝင်ရမည့် စည်းမျဉ်းကိုလည်း ပယ်ဖျက်ပေးသွားမည်ဖြစ်သည်။ ယင်းသည် ဟောင်ကောင်၏ ထိခိုက်ကျဆင်းနေသော စီးပွားရေးအပေါ် အလွန်ကြီးမားသော သက်ရောက်မှုဖြစ်လာလိမ့်မည် ဟု အုပ်ချုပ်ရေးမှူးလီက ခန့်မှန်းသုံးသပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်သည် ပိုမိုထူးခြားပြီး သာယာဝပြောသည့်နှစ် ဖြစ်လာလိမ့်မည် ဟုလည်း ၎င်းကပြောကြားခဲ့သည်။

တရုတ်အာဏာပိုင်များသည် ၎င်းတို့ တစ်စိုက်မတ်မတ်ကျင့်သုံးခဲ့သည့် ကိုဗစ်ကင်းစင်ရေးမဟာဗျူဟာကို ရုတ်ခြည်း စွန့်ခွာကာ နိုင်ငံ့စီးပွားရေးကိုထိခိုက်စေခဲ့ပြီး နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပေါ်စေခဲ့သည့် ကန့်သတ်ချက်များကို ပြီးခဲ့သည့် လထဲတွင် ပယ်ဖျက်ပေးခဲ့သည်။

ထို့နောက်တွင် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံ၌ ကိုဗစ်ကူးစက်မှုများ တစ်ဟုန်ထိုးမြင့်တက်လာခဲ့သော်လည်း အာဏာပိုင်များသည် ဗိုင်းရပ်စ်ကူးစက်မှုဆိုင်ရာအချက်အလက်များကို ထုတ်ပြန်ခြင်းမရှိတော့ပေ။ တရုတ်နှင့်ဟောင်ကောင် အကြား နယ်စပ်ပိတ်ပင်မှုများ ဖြေလျှော့လိုက်ပြီဖြစ်သော်လည်း ကပ်ရောဂါကာလမတိုင်မီကကဲ့သို့ အပြည့်အဝပြန်ဖွင့်ဦးမည် မဟုတ်ပေ။

**Source:** https://news-eleven.com/article/242683

## STOCK EXCHANGE (6.1.2023)

### Stock trading data

As of 6th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,196 (Shares) | 20,838,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,700 | 8,700 | 8,700 | 306 | 2,662,200 | 33,109,694 | 288,054 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 3,537 | 11,653,500 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 19,000 | +0 | +0.00% | 18,500 | 19,000 | 18,500 | 350 | 6,508,500 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 19,977,223 | 54,937 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 3 | 14,700 | 10,497,598 | 51,438 |


### Market summary

As of 6th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.78 | -1.91 | -0.48% | 394.69 | 394.69 | 390.95 | 4,196 | 20,838,900 | 7 | 683,292 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 4,196 (Shares) | 20,838,900 (MMK) |

### Main Board

As of 1:00 pm, 6th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,196 (Shares) | 20,838,900 (MMK) |

| MYANPIX | 392.78 ▼ 1.91 |
|---|---|
| Total Volume (shares) | 4,196 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 683,292 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |